ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကျွန်းပင်ဆိပ်အုပ်စု၊ ငလောက်တက်ကျေးရွာ

မတ်လ၊ ၂၀၁၇ ခုနှစ်

## မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၁။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



## ကျွန်းပင်ဆိပ်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ ကျွန်းပင်ဆိပ်ကျေးရွာ

၂။ စာဘူးတောင်းကျေးရွာ

၃။ ငလောက်တက်ကျေးရွာ

စုစုပေါင်းကျေးရွာအရေအတွက် ( ၃ ) ရွာဖြစ်ပါသည်။


# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၂ | ၃၄ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄.၃.၂၀၁၆ | ရွာသူရွာသားများ | ၁၂ | ၂၃ | ၃၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၂ | ၃၄ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၃ | ၃၅ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၂ | ၃၄ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၃ | ၃၅ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၈ | ပြဿနာသစ်ပင်(ကျား) | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၂ | ၃၄ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၉ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၄.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | ၄၅ | ၆၉ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# အရင်းအမြစ်ပြမြေပုံ

ကျေးရွာ - ငလောက်တက် အုပ်စု - ကျွန်းပင်ဆိပ် နေ့စွဲ - ၄.၃.၂၀၁၇



ပါဝင်သူ - ကျား (၁၂) + မ (၂၂)

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ အရင်း အမြစ်ပြမြေပုံ သုံးသပ်ချက်များ**

လွန်ခဲ့သောနှစ်ပေါင်း (၁၅၀)ခန့်လောက်က တည်ရှိခဲ့သည်ဟု ရွာသူကြီးက ပြောပါသည်။အိမ်ခြေ(၅၉)ရှိပြီး လူဦးရေမှာ အမျိုးသား(၁၅၉)ဦးရှိပြီး၊ အမျိုးသမီး (၁၄၀)ဦး၊ စုစုပေါင်း(၂၉၉)ဦးရှိပါသည်။

ငလောက်တက်ကျေးရွာသည်ဘုန်းကြီးကျောင်း(၁)ကျောင်းနှင့်ခရစ်ယာန်ကျောင်း(၁)ရှိပြီး၊ဘာသာနှစ်ခုရှိသော်လည်းအေးချမ်းစွာနေထိုင်ကြပါသည်။ငလောက်တက်ကျေးရွာ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းကိုလုပ်ကိုင်ကြပြီး၊လူနည်းစုမှာ လက်လုပ်လက်စားကျဘန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ငလောက်တက်ကျေးရွာတွင်အမျိုးသား ဦးဆောင်အိမ်(၄၉)အိမ်ရှိပြီး၊အမျိုးသမီးဦးဆောင်အိမ်(၁၁)အိမ်ရှိပါသည်။ငလောက်တက်ကျေးရွာတွင်သောက်သုံးရေကိုရေတုံကင်ကိုအမှီပြုသုံးရသော်လည်းရေမှာသောက်သုံးရန်မသင့်သဖြင့်ရေစစ်၍သုံးရသည်ကိုတွေ့ရပါသည်။

**လမ်းပမ်းဆက်သွယ်ရေး**

ငလောက်တက်ကျေးရွာသည်ကျောက်ကြီး-မုန်း ကားလမ်းဘေးတွင်တည်ရှိပြီး ကျောက်ကြီးမှ (၈)မိုင်ခန့်ကွာဝေးပါသည်။ကားလမ်းသည် ကျောက်ချောလမ်းသို့ ပြောင်းလဲသွားသဖြင့် ခရီးလမ်းအတွက်အဆင်ပြေပါသည်။ မိုးတွင်းအခါတွင် မြေသားလမ်းသည် ရွှံ့ဗွက်များ ထူထပ်နေသဖြင့် သွားလာရေးမှာ အလွန်ခက်ခဲလှပါသည်။

ငလောက်တက်ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ၊ဆရာမ(၆)ဦးရှိပြီး၊ကျောင်းသား၊ကျောင်းသူဦးရေမှာ(၁၀၃)ဦး ရှိပါသည်။မူလွန်ကျောင်းဆိုသော်လည်း (၅)တန်းထိသာရှိသောကြောင့် အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်များကို အ.ထ.က ကျောက်ကြီးသို့လည်းကောင်းငထွေစုပ်ကျေးရွာသို့လည်းကောင်းသွားရောက်ပညာသင်ကြားရပါသည်။

## ကျန်းမာရေး

ငလောက်တက်ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသဖြင့် တော်ရုံဖျားနာများကို နီးစပ်ရာဆေးများဖြင့် ကုသကြသည်။ ကျန်းမာရေးအတွက် အလွန်အခက်အခဲရှိလာမှသာ ကျောက်ကြီးမြို့သို့ သွားရောက် ဆေးကုသမှုခံယူကြရပါသည်။ ထိုကြောင့် ကျန်းမာရေး ပြဿနာအခက်အခဲ ရှိပါသည်။

## ပြဿနာ အခက်အခဲ အနှစ်ချုပ်

ငလောက်တက်ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားရေးလာရေး အခက်အခဲ ရှိပါသည်။ ပညာရေး၊ကျန်းမာရေး၊စီးပွားရေး ကိစ္စအဝဝအတွက် သွားလာရေး အခက်အခဲရှိပါသည်။ ငလောက်တက်ကျေးရွာတွင် ရေတံကင်များရှိသော်လည်း သောက်သုံးရန် မသင့်သဖြင့် ရေအတွက်အခက်အခဲ ရှိပါသည်။ သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များတစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ရေချိုးရန်မသင့်တော်ပါ။ရေသန့်ရှင်းမှုမရှိသဖြင့် အရေပြားရောဂါများကို ဖြစ်စေနိုင်ပါသည်။ သောက်သုံးရေးနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ ထို့ကြောင့် ငလောက်တက်ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ကျန်းမာရေအခက်အခဲများရှိပါသည်။

ပါဝင်ဆွေးနွေးသူဦးရေ-(၃၄)ဦး

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ဝေလောက်တက်　　　　အုပ်စု - ကျွန်းပင်ဆိပ်　　　　နေ့စွဲ - ၂၇.၄.၂၀၁၆

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်လုပ်ငန်း | | | ✻ | ✻ ✻ | ✻ ✻ ✻ | ✻ | ✻ | ✻ ✻ ✻ | ✻ ✻ | ✻ | | |
| တောင်ယာလုပ်ငန်း | ▲ | ▲ | ▲ ▲ | ▲ | | ▲ ▲ | ▲ ▲ | ▲ ▲ | | | | |
| မိုးရွာသွန်းမှု | | □ | □ □ | □□□ | □□□ | □□□ | □ □ | □ | | | | |
| ပွဲတော်ကာလ | | | | | | ● ● | | | ● ● ● | ● ● | | |
| ဝင်ငွေရရှိမှု | | ✖ | ✖ | ✖ | ✖ ✖ | ✖✖✖ | ✖ ✖ | ✖ ✖ | ✖ | ✖ | | |
| ကျန်းမာရေး | | ✦ | ✦✦ | ✦✦✦ | ✦✦ | | | | | | | |

ပါဝင်သူ - ကျား (၁၂)　မ (၂၃)

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ ရာသီစွင်ပြက္ခဒိန် သုံးသပ်ချက်များ

ရက်စွဲ၊ ၄-၄-၂၀၁၇

နေရာ၊ ငလောက်တက်ကျေးရွာ

စာသင်ကျောင်း

ငလောက်တက်ကျေးရွာအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စိုက်ပျိုးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် စပါးအသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဆောင်းရာသီတွင် မြေပဲ၊ မတ်ပဲစသည့်ပဲများကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျွဲ၊ နွား၊ ဘဲ၊ ကြက်စသည်တို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ လက်လုပ်လက်စားသများသည် မိုးရာသီတွင် ငါးရှာခြင်း၊ ကွမ်းက်ထောင်ခြင်း၊ ဖားရိုက်ခြင်းစသည့်လုပ်ငန်းများကို လုပ်ကိုင်ကြ ပါသည်။ ငလောက်တက်ကျေးရွာသည် ဝါခေါင်လနှင့်တော်သလင်းလများတွင် ရေကြီးပါသည်။ နွေရာသီတွင် သီးနှံများရောင်းချချိန်ဖြစ်သောကြောင့် ဝင်ငွေအသင့်သင့်ရှိပြီး မိုးရာသီနှင့်ဆောင်းရာသီတွင် စိုက်ပျိုးရိတ်သိမ်းကုန်ကျစရိတ်များရှိသဖြင့် ထွက်ငွေအသင့်သင့်ရှိပါသည်။ ငလောက်တက်ကျေးရွာ၏ ပွဲတော်ကာလအနေဖြင့် တန်ခူး၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ပွဲတော်များဆင်နွှဲကြပါသည်။ ငလောက်တက်ကျေးရွာ ၏ အဆင်မပြေသောမိသားစုများမှ အမျိုးသမီးများသည် သက်ကယ်ပစ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြ ပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၃၅)ဦး

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ငလောက်တက် အုပ်စု - ကျွန်းပင်ဆိပ် နေ့စွဲ - ၄.၃.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်၊ တိုက်ခံအိမ်၊ ဆိုင်ကယ်၊ ဝွန်ဒေါင်း၊ ကျွဲ၊ နွား | ၁၁ | **၁၉%** |
| အလယ်အလတ် | ဆိုင်ကယ်၊လယ်၊ကျွဲ၊နွား ပျဉ်ထောင်အိမ်၊ သွပ်မိုး | ၁၅ | **၂၅%** |
| နွမ်းပါး | ဆိုင်ကယ်၊ စက်ဘီး၊ ဝက်၊ ကြက်၊ သစ် ဝါး၊ ထရံကာအိမ် | ၃၃ | **၅၆%** |
| အလွန်နွမ်းပါး | စက်ဘီး၊ ဝက်၊ ကြက်၊ ဝါး၊ ထရံကာအိမ် | | **%** |
| စုစုပေါင်း | | ၅၉ | **၁၀၀%** |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ ဥစ္စာမနေခွဲခြားမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၄-၃-၂၀၁၇။

နေရာ၊ ငလောက်တက်ကျေးရွာ

စာသင်ကျောင်း

ငလောက်တက်ကျေးရွာ၏ အဓိကစီးပွားရေးအရင်းအမြစ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် ပျိုးကျဲခြင်းလုပ်ငန်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးကြပါသည်။ ငလောက်တက်ကျေးရွာ၏ အဆင်ပြေသောမိသားစုများ၏နေအိမ်များမှာ အုတ်ခံ၊ ပျဉ်ထောင်၊ သွပ်မိုးအိမ်များဖြင့်နေထိုင်ကြပါသည်။ အလယ်လတ်မိသားစုများမှာ ပျဉ်ထောင်၊ ကြမ်းခင်း၊ သွပ်မိုးအိမ်များဖြစ်ကြပါသည်။ ဒေါင်းပန်း၊ တီဗွီ၊ စလောင်း၊ ဆိုလာပြားကြီး၊ အောက်စက်၊ ဆိုင်ကယ်များကို အဆင်ပြေသောမိသားစုများအသုံးပြုကြပြီး ကျွဲ၊ နွားစသည်များကို အဆင်ပြေသောမိသားစုအားလုံးနီးပါးပိုင်ဆိုင်ကြပါသည်။ လက်လုပ်လက်စားမိသားစုများမှာ ရာသီအလိုက် ကျပန်းအလုပ်များလုပ်ကိုင်ကြပါသည်။

**ပြဿနာ အနှစ်ချုပ်**

ငလောက်တက်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်စားသောက်ကြပြီး လက်လုပ်လက်စားမိသားစုများမှာ အလုပ်အကိုင်ရှားပါးကြပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၂၁)ဦး

# ပိုင်ဆိုင်မှုကိုအသုံးပြုခြင်း

ကျောင်းသူ - ငလောက်တက်　　　　အုပ်စု - ကျွန်းပင်ဆိပ်　　　　နေ့စွဲ - ၄.၃.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ကျွဲ | ဘဲ | ဆိုင်ကယ် |
| နွား | ကြက် | စက်ဘီး |
| မီးစက် | ဝက် | ဆိတ် |
| နွားလှည်း | အပ်ချုပ်စက် | လယ်မြေ |
| ချွေလှေ့စက် | | ဖုန်း |
| | | အိမ် |
| | | ရေတွင်း |
| | | ဗီဒီယို |
| | | ယာ |
| | | စပါးကျီ |
| | | |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ အရင်းပိုင်ဆိုင်အသုံးပြုမှု သုံးသပ်ချက်များ**

ရက်စွဲ၊ ၄.၃.၂၀၁၇

ကျေးရွာ -ငလောက်တက်

နေရာ၊စာသင်ကျောင်း

ငလောက်တက်ကျေးရွာ၏ အရင်းအမြစ် အသုံးပြုမှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ အသုံးပြုသောအရင်းအမြစ်များမှာဆိုလာ၊ချွေစက်၊မီးစက်၊လယ်၊ဝက်၊နွား၊လှည်း၊TV၊လှည်း၊အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ အပ်ချုပ်စက်၊ဖုန်း၊စပါးကျီ၊အိမ် ဘက်ထရီတို့ဖြစ်ပါသည်။ အမျိုးသားများ အများဆုံးအသုံးပြုသော အရင်းအမြစ်များမှာ လှည်း၊ချွေစက်၊ကျွဲ၊နွား၊လှည်း၊မီးစက်အသုံးပြုကြပါသည်။ကျန်အရင်းအမြစ်များကိုမှ အတူတကွရယူသုံးစွဲကြပါသည်။အမျိုးသမီးများသည်ဝက်၊ အပ်ချုပ်စက်၊ စသည်တို့ကိုအသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်အသုံးချမှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်အသုံးချမှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများအသုံးပြုနိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၅၂)ဦး။

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ- ငလောက်တက်　　ကျေးရွာအုပ်စု - ကျွန်းပင်ဆိပ်　　ရက်စွဲ - ၄.၃.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ကျွဲ | ဘဲ | ဖုန်း |
| နွား | ကြက် | မီးစက် |
| နွားလှည်း | ဝက် | ဆိုင်ကယ် |
| အိမ် | ဈေးဆိုင် | စက်ဘီး |
| ချွေလှေ့စက် | အပ်ချုပ်စက် | ဆိတ် |
| စပါးကျီ | ဗီဒီယို | လယ်မြေ |
| | | ယာ |
| | | |
| | | |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ငလောက်တက်

နေရာ၊ စာသင်ကျောင်း

ငလောက်တက်ကျေးရွာ၏ အရင်းအမြစ် ထိန်းချုပ်မှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ ထိန်းချုပ် သော သောအရင်းအမြစ်များမှာလည်း၊ထွန်စက်၊မီးစက်၊အပ်ချုပ်စက်၊ဝက်၊အိမ်၊နွား၊ဆိုင်ကယ်၊လယ်၊ဘက်ထရီ၊ဆိုလာပြား၊စက်ဘီး၊TV၊အပ်ချုပ်စက်၊ဗီဒီယိုစက်၊ဈေးဆိုင်၊ရေတွင်း၊စပါးကျီ၊ကြက်၊တို့ ဖြစ်ပါသည်။


အမျိုးသားများ အများဆုံးထိန်းချုပ်သော အရင်းအမြစ်များမှာ လည်း၊ ထွန်စက်၊ အိမ်၊စပါးကျီ၊မီးစက်များကို အသုံးပြုကြပါသည်။ ကျန်အရင်းအမြစ်များကိုမူ အတူတကွရယူသုံးစွဲကြပါသည်။ အမျိုးသမီးများသည် ဝက်၊ အပ်ချုပ်စက်၊ဈေးဆိုင်၊ဗီဒီယိုစက် တို့ကို ထိန်းချုပ်အသုံးပြုကြပါသည်။

ပြဿနာအနှစ်ချုပ်။ ။ အမျိုးသမီးများသည် အရင်းမြစ်ထိန်းချုပ်မှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်ထိန်းချုပ်မှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများထိန်းချုပ်နိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၃၅)ဦး။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ -ငလောက်တက်　　အုပ်စု - ကျွန်းပင်ဆိပ်　　နေ့စွဲ - ၄.၃.၂၀၁၇




ပါဝင်သူ - ကျား (၁၂) + မ (၂၃)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား သုံးသပ်ချက်များ

ရက်စွဲ၊ ၁-၄-၂၀၁၆။

နေရာ၊ ငလောက်တက်ကျေးရွာ

စာသင်ကျောင်း

| စဉ် | ကျေးရွာအတွင်းအဖွဲ့အစည်းများ | ပြင်ပအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ကျေးရွာဥက္ကဌ | အုပ်စု အုပ်ချုပ်ရေး(ဥက္ကဌ) |
| ၂ | ခရစ်ယာန်အသင်းတော် | ကျန်းမာရေး(အဖွဲ့) |
| ၃ | ကာလသားခေါင်း | မိခင်နှင့်ကလေးစောင့်ရှောက်ရေး(အဖွဲ့) |
| ၄ | လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့ | တပ်မတော် |
| ၅ | ရပ်မိ/ရပ်ဘ | ရဲတပ်ဖွဲ့ |
| ၆ | ကျောင်းကော်မတီ | ကေအမ်ယူအဖွဲ့ |
| ၇ | အမျိုးသား/သမီး (အဖွဲ့) | |
| ၈ | | |
| ၉ | | |


ငလောက်တက်ကျေးရွာအတွင်း အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ခရစ်ယာန်အသင်းတော်၊ ကေအန်ယူအဖွဲ့၊ အသင်းတော်မူကြိုကျောင်း(ကော်မတီ)၊ ရပ်မိ/ရပ်ဘ၊ ကျောင်းကော်မတီ၊ ပညာရေး (အဖွဲ့အစည်း)၊ လူမှုရေးအသင်း၊ အမျိုးသား/သမီး (အဖွဲ့) တို့ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှာ အုပ်စု အုပ်ချုပ်ရေး(ဥက္ကဌ)၊ ကျန်းမာရေး(အဖွဲ့)၊ တပ်မတော်၊ရဲတပ်ဖွဲ့ တို့ဖြစ်ပါသည်။

ငလောက်တက်ကျေးရွာ၏ အဓိကဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ ကျောင်းကော်မတီ၊ အမျိုးသား/သမီးအဖွဲ့၊ အသင်းတော်အဖွဲ့ တို့ဖြစ်ပါသည်။ ကျန်အဖွဲ့အစည်းများမှာလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြပါသည်။

ပါဝင်ဆွေးနွေးသူ(၂၁)ဦး။

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - ငလောက်တက်　　　အုပ်စု - ကျွန်းပင်ဆိပ်　　　နေ့စွဲ - ၄.၃.၂၀၁၇




ပါဝင်သူ - ကျား (၁၂) + မ (၂၂)

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်များ

ရက်စွဲ၊ ၁-၄-၂၀၁၆။

နေရာ၊ ငလောက်တက်ကျေးရွာ

စာသင်ကျောင်း

ငလောက်တက်ကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်အခြေအနေများကို ခေါင်းစဉ် တစ်ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ (၁) ကျန်းမာရေး၊ (၂) ပညာရေး၊ (၃) ဘာသာရေး၊ (၄) စီးပွားရေး၊ (၅) အိမ်မှု ကိစ္စ၊ (၆) ဆုံးဖြတ်ချက်၊ (၇) ဝင်ငွေရှိမှု၊ (၈) လူမှုရေး တို့ဖြစ်ပါသည်။

**(၁) ကျန်းမာရေး**

ငလောက်တက်ကျေးရွာရှိ အမျိုးသမီးများ ကျန်းမာရေးမှာ (၉၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသားများ၏ ကျန်းမာရေးမှာ (၉၀)ရာခိုင်နှုန်းဖြစ်ပါသည်။

**(၂) ပညာရေး**

ငလောက်တက်ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ ပညာရေးလက်လှမ်းမှီမှု သုံးသပ်ချက်တွင် အမျိုးသား/သမီး တန်းတူ (၇၀)ရာခိုင်နှုန်းရှိပါသည်။ ငလောက်တက်ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက်(၈)မိုင်ခန့်ဝေးသော ကျောက်ကြီး(အ-ထ-က)ကျောင်းသို့ သွား ရောက်ကြရပါသည်။ ကျောင်းသား/သူများသည် မိုးတွင်းအခါတွင် ရွှံ့ဗွက်များကိုဖြတ်ခါသွားလာရသဖြင့် လမ်း ခရီးခက်ခဲကြမ်းတမ်းလှပါသည်။ ကျောင်းသား/သူများသည် သွားလာရေးခက်ခဲသဖြင့် ပညာသင်ကြားရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အမျိုးသား/သမီးအားလုံး ပညာသင်ကြားမှုတွင် (၅၀)ရာခိုင်နှုန်းသာရှိကြ ပါသည်။

(၃)အလုပ်အကိုင်ရရှိမှု

ငလောက်တက်ကျေးရွာ၏ အလုပ်အကိုင်ရရှိမှုတွင် ကျေးရွာအမျိုးသမီးများသည် (၅၀)% သာရှိပြီး အမျိုးသားများသည် (၆၀)%ရှိပါသည်။အမျိုးသမီးများသည် အလုပ်အကိုင်ကျွမ်းကျင်မှုနည်းပါးခြင်းနှင့် အိမ်မှုကိစ္စများ လုပ်ကိုင်ရသဖြင့် အလုပ်အကိုင်ရရှိမှုတွင် နည်းပါးရခြင်းဖြစ်ပြီး အမျိုးသားများမှာမူ

မိသားစုစားဝတ်နေရေးအတွက် လယ်လုပ်ငန်းနှင့် ငါးရှာခြင်း ၊ ကျဘမ်းအလုပ်အကိုင်များကို လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် အလုပ်အကိုင်ရရှိမှုတွင် %များနေရခြင်းဖြစ်ပါသည်။

### (၄) ဦးဆောင်နိုင်မှု

ငလောက်တက်ကျေးရွာရှိ အမျိုးသားများသည် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းတွင် (၆၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်းသာရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်လုပ်လက်စားနေစားလုပ်ငန်းများတွင် အမျိုးသားများကသာ ဦးဆောင်လုပ်ကိုနေရခြင်းကြောင့် အမျိုးသမီးများထက် အမျိုးသားများက ရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။

### (၅) အိမ်မှုကိစ္စ

ငလောက်တက်ကျေးရွာ၏ အိမ်မှုကိစ္စဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည် (၃၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသမီး များသည် အိမ်မှုကိစ္စတွင် (၁၀၀)ရာခိုင်နှုန်းပါဝင်ဆောင်ရွက်ကြရသည်။ အမျိုးသမီးများသည် အမျိုးသားများ ထက် ရာခိုင်နှုန်းများနေရခြင်းမှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ သား/သမီးများ၏ ဝေယျာဝစ္စများကို နေ့စဉ်လုပ်ဆောင်ပေးရခြင်းကြောင့်ဖြစ်ပါသည်။

### (၆) ဆုံးဖြတ်ချက်

ဆုံးဖြတ်ချက်ချမှုကဏ္ဍတွင် အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ဆုံးဖြတ်ချက်နိုင်မှုမှာ (၃၀)ရာခိုင်နှုန်းရှိပါသည်။ ငလောက်တက်ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများအား အကြံဉာဏ်ကောင်းများပေးနိုင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးပါသည်။

### (၇) ဝင်ငွေရရှိမှု

ငလောက်တက်ကျေးရွာ၏ ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်တွင် အမျိုးသားများသည် (၈၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေရရှိမှုနည်းနေရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသားများကသာ ဦးဆောင်လုပ်ကိုင်နေရခြင်း၊ အမျိုးသမီးများလုပ်ကိုင်နိုင်သောလုပ်ငန်း နည်းပါးခြင်းတို့ ကြောင့် ဖြစ်ပါသည်။


**(၈)လူမှုရေး။**ငလောက်တက်ကျေးရွာ၏လူမှုရေးလုပ်ငန်းတွင်အမျိုးသားများသည်(၁၀၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းရှိပါသည်။မိသားများသည် အဖွဲ့အစည်းအများစုတွင် ဦးဆောင်နေရခြင်းကြောင့် အမျိုးသမီး များထက် ရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။

# ပြဿနာသစ်ပင်

ကျေးရွာ - ငလောက်တက်　　အုပ်စု - ကျွန်းပင်ဆိပ်　　နေ့စွဲ - ၄.၃.၂၀၁၇

ပါဝင်သူ - ကျား ( ၁၂ ) မ -(၂၃)

**အမျိုးသား၊အမျိုးသမီး**



## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ငလောက်တက်ကျေးရွာ၏

## ရေကြီးဒုက္ခအခက်အခဲပြဿနာသစ်ပင် သုံးသပ်ချက်

ရက်စွဲ၊ ၄-၃-၂၀၁၇

နေရာ၊ ငလောက်တက်ကျေးရွာ

စာသင်ကျောင်း

ငလောက်တက်ကျေးရွာ၏ ရေဒုက္ခဖြစ်ရခြင်းအကြောင်းအရင်းမှာ ရာသီဥတုလွန်ကဲခြင်း၊နှစ်တိုင်းရေကြီးခြင်း၊ မြေတာတမံဖို့ရန် ငွေကြေးမရှိခြင်း၊ ရွာဘေးတွင်ချောင်းရှိခြင်း၊ကျေးရွာနေအိမ်များနိမ့်ခြင်း၊ နွေဦးပိုင်းတွင် အခြားကျေးရွာမှလုပ်များသွားခြင်း၊ တို့ကြောင့်ဖြစ်ပါသည်။ ထိုအကြောင်းရင်းများကြောင့် စားဝတ်နေရေးခက်ခဲခြင်း၊ဇတ်မွတ်ခေါင်းပါးခြင်း၊ ကျွဲ နွားတိရိစ္ဆာန်များသေကြေပျက်စီးခြင်း၊ ဝမ်းလျှောဝမ်းဝမ်းပျက်ရောဂါဖြစ်ပွားခြင်း၊ကျောင်းသား/သူများ ပညာရေးနောက်နေးခြင်း၊သီးနှံစိုက်ပျိုးပင်များ ပျက်စီးဆုံးရှုံးခြင်း၊လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် စီးပွားရေးနောက်နေးခြင်း တို့ကြောင့်အကျိုးရလဒ်များ ခံစားရပါသည်။

ပါဝင်ဆွေးနွေးသူ(၃၅)ဦး။

# အမျိုးသားများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - ငလောက်တက်　　　　အုပ်စု - ကျွန်းပင်ဆိပ်　　　　နေ့စွဲ - ၄.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | နွေရာသီတွင်သောက်သုံးရေရှားပါးခြင်း | ကျား |
| ၂ | မိုးရာသီတွင်ရေလွှမ်းမိုး၍လူတိရိစ္ဆာန်များနေထိုင်ရန်ခက်ခဲ | ကျား |
| ၃ | ဆေးပေးခန်းမရှိပါသဖြင့် ကျန်းမာရေးအခက်အခဲရှိပါသည်။ | ကျား |
| ၄ | စာကြည့်တိုက်မရှိသဖြင့်ကျေးရွာသူ/သားများဗဟုသုတအသိဉာဏ်နည်းပါးသည်အခက်အခဲ | ကျား |
| ၅ | လျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်ပိုးမွှားအန္တရာယ်ကြုံ၍လူနေမှုနိမ့်ကျသည့်အခက်အခဲ | ကျား |
| ၆ | | |
| ၇ | | |

ပါဝင်သူ - ကျား ( ၂၄)ဦး၊

# အမျိုးသမီးများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ -ငလောက်တက်　　　　အုပ်စု - ကျွန်းပင်ဆိပ်　　　　နေ့စွဲ - ၄.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
| --- | --- | --- |
| ၁ | မိုးရာသီတွင်လူ၊တိရိစ္ဆာန်များနေထိုင်မှုခက်ခဲ | မ |
| ၂ | သောက်သုံးရေမသန့်သဖြင့် ကျန်းမာရေးအတွက်ထိခိုက်မှုအခက်အခဲရှိ | မ |
| ၃ | လျှပ်စစ်မီးမရှိသောကြောင့် လူနေမှုအဆင့်နိမ့်ကျသည့်အခက်အခဲ | မ |
| ၄ | ကျေးရွာလူထု စာပေဗဟုသုတနည်းပါးသည့်အခက်အခဲ | မ |
| ၅ | | |
| ၆ | | |
| ၇ | | မ |

ပါဝင်သူ - မ(၄၅)ဦး

# ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်

ကျေးရွာ - ငလောက်တက်　　　အုပ်စု - ကျွန်းပင်ဆိပ်　　　နေ့စွဲ - ၄.၃.၂၀၁၇

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်(ကျား) | | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်( မ ) | |
|---|---|---|---|---|
| ၁ | သန့်ရှင်းသောသောက်သုံးရေကို ရရှိလျှင် ကျန်းမာရေးကောင်းမွန်၍ သန့်ရှင်းမှုများရရှိလာမည်။ | | လူ၊တိရိစ္ဆာန်များသွားလာနေထိုင်မှုအဆင်ပြေ၍ အခက်အခဲများကင်းဝေး | |
| ၂ | ရေလွှမ်းမိုးမှုကင်းဝေးလျှင် လူ၊တိရိစ္ဆာန်များ နေထိုင်မှုအခက်အခဲကင်းဝေးမည်။ | | သောက်သုံးရေရရှိသဖြင့် ကျန်းမာရေးကောင်းမွန်လာမည်။ | |
| ၃ | လျှပ်စစ်မီးလင်း၍ပညာရေးတိုးတက်လာပြီး ကျေးရွာ လူထုများလူနေမှုမြင့်မားလာမည်။ | | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှု အလွယ်တကူရယူသုံးစွဲနိုင်မည်။ | |
| ၄ | စာကြည့်တိုက်ရှိလျှင် ကျန်းမာရေး၊လူမှုရေး၊ ဗဟုသုတများတိုးတက်ကောင်းမွန်လာ၍ ပညာတက်များ ပေါ်များလာမည်။ | | လျှပ်စစ်မီးလင်း၍ပညာရေးတိုးတက်လာပြီး ကျေးရွာ လူထုများလူနေမှုမြင့်မားလာမည်။ | |
| ၅ | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှု အလွယ်တကူရယူသုံးစွဲနိုင်မည်။ | | စာကြည့်တိုက်ရှိလျှင် ကျန်းမာရေး၊လူမှုရေး၊ ဗဟုသုတများတိုးတက်ကောင်းမွန်လာ၍ ပညာတက်များ ပေါ်များလာမည်။ | |
| ၆ | | | | |

ပါဝင်သူ - ကျား ( ၂၄) ၊မ(၄၅)

# ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - ငလောက်တက်　　　အုပ်စု - ကျွန်းပင်ဆိပ်　　　နေ့စွဲ - ၄.၃.၂၀၁၇

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ | အဆိုပြုသူ | ခန့်မှန်းကုန်ကျငွေ | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | ရေတာတမံ(၈၁၁၈’×၆’×၆) | ကျား+မ | ၂၀၀၀၀၀၀၀ | ၁ |
| ၂ | စက်ရေတွင်းနှင့်ရေလှောင်ကန် | ကျား+မ | ၁၁၀၀၀၀၀၀ | ၂ |
| ၃ | ဆေးပေးခန်း | ကျား+မ | ၆၀၀၀၀၀၀ | ၃ |
| ၄ | စာကြည့်တိုက် | ကျား+မ | ၆၀၀၀၀၀၀ | ၄ |
| ၅ | လျှပ်စစ်မီး | ကျား+မ | | ၅ |
| ၆ | | | | |

ပါဝင်သူ - ကျား ( ၂၄)  မ(၄၅)

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - ငလောက်တက်　　　အုပ်စု - ကျွန်းပင်ဆိပ်　　　ရက်စွဲ - ၄.၃.၂၀၁၇

| စဉ် | အမည် | တာဝန် |
| --- | --- | --- |
| ၁။ | စောထီးမူးစော | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂။ | နော်ခုလေး | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃။ | နော်လေရီယာထွန်း | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄။ | စောပလေတူး | ဝယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅။ | နော်တာပီး | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၆။ | စောဖီးလစ် | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၇။ | နော်ကဝေါ် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၈။ | စောကပေါ်ဆက်ဆဲ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၉။ | နော်အယ်စေးဝါး | အကြံပြုကိုယ်စားလှယ် |
| ၁၀။ | စောသန်းရွှေ | အကြံပြုကိုယ်စားလှယ် |
| ၁၁။ | စောခရစ္စဗလီချက် | ငွေစာရင်းကိုင် |
| ၁၂။ | စောကပေါ်ထူး | စေတနာ့ဝန်ထမ်း |
| ၁၃။ | နော်သောဝါး | စေတနာ့ဝန်ထမ်း |

**၂၀၁၇ခုနှစ်၊မတ်လ(၄)ရက်၊ နံနက် ၉:၀၀ အချိန် ငလောက်တက်ကျေးရွာ စာသင်ကျောင်းတွင် ကျင်းပပြုလုပ်သော ငလောက်တက်ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီနှင့် ဆပ်ကော်မတီများ ရွေးချယ်ခြင်း အစည်းအဝေး အမှတ်စဉ် /၂၀၁၇**

**အစည်းအဝေးတက်ရောက်သူများ**

၁။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ အစည်းအဝေးတက်ရောက်ကြပါသည်-

(က ) ဦးထွန်းထွန်း လူထုစည်းရုံးရေးမှူး

( ခ ) ဦးဇာနည်အောင် လက်ထောက်နည်းပညာမှူး

(ဂ) ငလောက်တက်ကျေးရွာသူ/ကျေးရွာသား ( ၅၁ )ဦး တက်ရောက်ကြပါသည်။

**အစည်းအဝေးမတက်ရောက်နိုင်သူများ**

၂။ မရှိပါ။

**ဆွေးနွေးချက်များ**

**၄။** လူထုစည်းရုံးရေးမှူးမှ ငလောက်တက်ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် အတွက် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ ကျား(၁)ဦး၊ မ(၁)ဦး၊ ဝယ်ယူရေးဆပ်ကော်မတီ၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ရေးဆပ်ကော်မတီ၊ လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ် ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာငွေစာရင်းကိုင်နှင့်စေတနာ့ဝန်ထမ်းများ၊ အကြံပြုချက်ဖြေရှင်းရေးအဖွဲ့ဝင်များ အား မဲစနစ်ဖြင့်ဖြစ်စေ အများသဘောဖြင့်ဖြစ်စေ ကျေးရွာလူထုမှ ရွေးချယ်ကြရန် တင်ပြဆွေးနွေးပါသည်။

၅။ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဥက္ကဌ ကျား(၁)ဦး၊ မ(၁)ဦးတို့အား မဲစနစ်ဖြင့် ရွေးချယ်ကြရာ စောထီးမူးစော နှင့် နော်ခူလေး တို့မှ မဲအများဆုံးရရှိပါသည်။

၆။ ဝယ်ယူရေးဆပ်ကော်မတီဝင်များအဖြစ် နော်လေရီယာထွန်းနှင့် စောအယ်တမ္ဘီတို့ကို ရွေးချယ် ကြပြီး စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ရေး ဆပ်ကော်မတီဝင်များအဖြစ် နော်တာပီးနှင့် စောဖီးလစ်တို့ကို ရွေးချယ်ကြကာ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီဝင်များအဖြစ် နော်ကဝေါ်နှင့် စောကပေါ်စက်ဆဲ တို့မှမဲအများဆုံးရရှိပါသည်။

၇။ ကျေးရွာငွေစာရင်းကိုင်အဖြစ် စောခရစ္စဗလီချက် ကိုရွေးချယ်ခဲ့ပြီး စေတနာ့ဝန်ထမ်းများအဖြစ် ဦးစောကျော်ထွေးနှင့် နော်သောဝါးတို့ကို လည်းကောင်း၊အကြံပြုချက်ဖြေရှင်းရေး အဖွဲ့ဝင်များအဖြစ် နော်စောဝါးနှင့် စောသန်းရွှေတို့ကို လည်းကောင်း ကျေးရွာလူထုမှ အသီးသီးရွေးချယ်ခဲ့ကြပါသည်။

၈။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ ယခုရွေးချယ်ခံရသော ကော်မတီဝင်များသည် ကျွန်းပင်ဆိပ်ကျေးရွာအုပ်စုစီ/ထောက်ကော်မတီ၊အကြံပြုချက်ဖြေရှင်းရေးကော်မတီ၊ဘဏ္ဍာရေးဆပ် ကော်မတီဝင်များဖြစ်ပြီးကျေးရွာ(၁)ရွာချင်းစီမှ ငွေစာရင်းကိုင်များမှာ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များဖြစ်ကြောင်း အစည်းအဝေးမှတ်တမ်းအား အတည်ပြုဖတ်ကြားခဲ့ပါသည်။

<u>**ဆုံးဖြတ်ချက်များ**</u>

| ၈။ | စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ရန် |
|---|---|---|---|
| | (က) | ငလောက်တက်ကျေးရွာစီ/ထောက်ကော်မတီ(ကျား) | စောထီးမူစော |
| | (ခ ) | ငလောက်တက်ကျေးရွာစီ/ထောက်ကော်မတီ( မ ) | နော်ခူလေး |
| | ( ဂ ) | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် (မ ) | နော်လေရီယာထွန်း |
| | (ဃ) | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် (ကျား) | စောအယ်တမ္ဘီ |
| | (င) | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီခေါင်းဆောင်(မ) | နော်တာပီး |
| | (စ) | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်(ကျား) | စောဖီးလစ် |
| | (ဆ) | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းရေးဆပ်ကော်မတီခေါင်းဆောင် | နော်ကဝေါ် |
| | (ဇ) | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းရေးဆပ်ကော်မတီအဖွဲ့ဝင် | စောကပေါ်စက်ဆဲ |
| | (ဈ) | ကျေးရွာငွေစာရင်းကိုင်(ကျား) | စောခရစ္စဗလီချက် |
| | (ည) | အကြံပြုတိုင်ကြားရေးကိုယ်စလှယ်အဖွဲ့ဝင်(ကျား) | စောသန်းရွှေ |
| | (ဋ) | အကြံပြုတိုင်ကြားရေးကိုယ်စလှယ်အဖွဲ့ဝင်(မ) | နော်အယ်စေးဝါး |
| | (ဌ) | ကျေးရွာစေတနာ့ဝန်ထမ်း(ကျား) | စောကျော်ထွေး |
| | (ဍ) | ကျေးရွာစေတနာ့ဝန်ထမ်း(မ) | နော်သောဝါး |

၁၀။ အစည်းအဝေးကို ဆက်လက်ဆွေးနွေးရန်မရှိသဖြင့် ညနေ(၁၆း၀၀)နာရီအချိန်တွင် ရုပ်သိမ်းပါသည်။

အတည်ပြုသူ မှတ်တမ်းတင်သူ

စာအမှတ်၊

ရက်စွဲ ၊၂၀၁၆ခုနှစ်၊ ဧပြီ လ ၂ရက်။

**<u>ဖြန့်ဝေခြင်း</u>**

ကော်မတီဝင်များအားလုံး

**<u>မိတ္တူကို</u>**

လက်ခံ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမောင်ဆယ် | 09-960860710 | ဦးမြိုင်ဆွေဦး |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ကျွန်းပင်ဆိပ် | ကျေးရွာ- ငလောက်တက် |

ကး လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) - ကရင် | ၅၈ | ဘာသာ (၁) ခရစ်ယာန် | ၅၂ |
| လူမျိုးစု (၂) ဗမာ | ၁ | ဘာသာ (၂) ဗုဒ္ဓ | ၇ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၉ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)- ကရင် | ၁၅၇ | ၁၄၀ |
| လူမျိုးစု (၂)- ဗမာ | ၂ | ၁ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၇ | ၁၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>[illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၂-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-၀၀း၃၀ မိနစ်- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-၀၀း၃၅ မိနစ်----- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နှစ်စဉ် ရေကြီး၊ ----

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခု ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---CDD---------------------

(၂) ---CSSDD၊ KDM

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး ခေါင်ဆယ်

လက်မှတ် [illegible] နေ့စွဲ 3.3.2017

လူထုစည်းရုံးရေးမှူး အမည် ဦး ဖိုးအေးဦး

လက်မှတ် [illegible] နေ့စွဲ 3.3.2017.

၁၅၀၉

## ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ ပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဖိုး ဆွေ ဦး | | | |
| နေ့စွဲ ၄·၃·၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဘူး ပင် ပြင် | ကျေးရွာ ငဟောက်တက် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၄·၃·၂၀၁၇ | ၄·၃·၂၀၁၇ | ၂၁ | ၂၄ | ၄၅ | ကရင်၊ဗမာ ၄၄၊၁ |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄·၃·၂၀၁၇ | ၄·၃·၂၀၁၇ | ၂၁ | ၂၄ | ၄၅ | ကရင်၊ဗမာ ၄၄၊၁ |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၅·၃·၁၇ | ၅·၃·၁၇ | ၁၃ | ၁၀ | ၂၃ | ကရင်၊ဗမာ ၁၅ |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | ၃၀·၃·၁၇ | ၃၀·၃·၁၇ | ၁၉ | ၂၁ | ၄၀ | ကရင် ၄၀ |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁. စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၃၀·၃·၁၇ | ၃၀·၃·၁၇ | ၁၉ | ၂၁ | ၄၀ | ကရင် ၄၀ |
| ၆.၂ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဂန်ကမ်း အမည် ဦး ဖြိုး ဝေ ဦး | | | |
| နေ့စွဲ ၄ . ၃ . ၂၀၁၇ | | စက်ဂန်းအား အမှတ်ခြစ်ပါ (√)။ □ စက်ဂန်း(၁) ✓ စက်ဂန်း(၂) □ စက်ဂန်း(၃) □ စက်ဂန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ကျွန်းပင်ဆိပ် | ကျေးရွာ<br>ငဟောက်တက် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | နွေရာသီတွင် သောက်သုံးရေရှားပါး | ၁ | မိုးကာလတွင် လယ်/ကိုင်းကျွန်း များ ရေမြုပ်မှု [illegible]<br>< သွားလာရေး ခက်ခဲမှု > |
| ၂ | မိုးရာသီ တွင် ရေလွှမ်းမိုးမှု လယ်/ကိုင်းကျွန်း များရေမြုပ် / သွားလာရေး ခက်ခဲ | ၂ | သောက်ရေသန့် မရှိသဖြင့် ကျန်းမာရေးအတွက် ထိခိုက်မှု အခက်အခဲ ရှိသည်။ |
| ၃ | ဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေး အခက်အခဲ ရှိပါသည်။ | ၃ | လျှပ်စစ်မီးမရှိသောကြောင့် ညအချိန်မှာ အဆင်မပြေ ဖြစ်ပါသည်။ |
| ၄ | စာကြည့်တိုက် မရှိသဖြင့် ကျေးရွာလူထု စာပေဗဟုသုတ နည်းပါးသည့် အခက်အခဲ ရှိပါသည်။ | ၄ | ကျေးရွာလူထု စာပေဗဟုသုတ နည်းပါးသည့် အခက်အခဲ ရှိသည်။ |
| ၅ | လျှပ်စစ်မီး မရှိသဖြင့် ညအခါ သွားလာရေး၊ ကျောင်းသားများ၊ စာကြည့်ရေး နှင့် မီးသွေး များ [illegible] အခက်အခဲများ ရှိသည်။ | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သန့်ရှင်းသော သောက်သုံးရေ ရရှိ သောက်သုံးရ၍ ကျန်းမာရေး နှင့် သန့်ရှင်းမှုများ ရရှိလာနိုင်မည်။ | ၁ | [illegible] များ သွားလာမှုအဆင်ပြေ [illegible] အခက်အခဲများ ကင်းဝေး။ |
| ၂ | ရေလွှမ်းမိုးမှု ၊ ရေကြီးရေလျှံ ကင်းဝေး၍ [illegible] များ [illegible] အခက်အခဲများ ကင်းဝေး။ | ၂ | သောက်သုံးရေ ရရှိသဖြင့် ကျန်းမာရေး ကောင်းမွန်လာမည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လျှပ်စစ်မီး ရှိလျှင် သွားလာရေး လွယ်ကူသည့်အပြင် ကျောင်းသား များ ပညာရေး ကောင်းမွန်လာမည်။ | ၃ | ဆေးပေးခန်း ရှိလျှင် အသိပညာပေး ကျန်းမာရေး ကုသမှု အခွင့်အလမ်း ရရှိနိုင်မည်။ |
| ၄ | စာကြည့်တိုက် ရှိပါက ပညာရေး၊ လူမှုရေး ဗဟုသုတများ တိုးတက်ကောင်းမွန်လာပြီး ပညာတတ်များ ပေါ်များလာမည်။ | ၄ | လျှပ်စစ်မီးရှိလျှင် သွားလာရေး လွယ်ကူသည့်အပြင် ကျောင်းသားများ ပညာရေး ကောင်းမွန် လာမည်။ |
| ၅ | ဆေးပေးခန်းရှိလျှင် အသိပညာပေး ကျန်းမာရေး ကုသမှု အခွင့်အလမ်း ရရှိနိုင်မည်။ | ၅ | စာကြည့်တိုက် ရှိပါက ဗဟုသုတများ တိုးတက် ကောင်းမွန်လာပြီး ပညာတတ်များ ပေါ်များလာ မည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေကာတာ <၈၀'×၆'×၆'> | (က+မ) | | |
| ၂ | သောက်ရေတွင်း နှင့် ရေမြောင်း ကန် (၂) ခု | က+(မ) | | |
| ၃ | ဆေးပေးခန်း | က+မ | | |
| ၄ | စာကြည့်တိုက် | က+မ | | |
| ၅ | လျှပ်စစ်မီး | က | | |
| ၆။ ဘက်စုံသုံးခန်းမ | | က+မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--------- လက်မှတ် ------------------------- နေ့စွဲ---4-3-17-------------

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦး [illegible] | | |
| နေ့စွဲ | | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| | | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | 3200x5'x5' | 300[illegible] | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 21570000 | | | | 21570000 |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် - [illegible] လက်မှတ် [signature] ရက်စွဲ 5.3.2017.